## မာတိကာ


| | |
|---|---|
| အမှာစာ | ၇ |
| ဒေါက်တာစောလှိုင် (သစ်ခွပညာရှင်) (ကိုစော-ခြေလျင်/တောင်တက်)ရေးသားသည့် ဦးချစ်ကိုကို၏'စာရာမေတိခရီးသည်' လေ့လာချက်စာတမ်း | ၈ |
| ၁။ စာရာမေတိ | ၄၂ |
| ၂။ မန္တလေးမှ ဟုန်းမလင်းသို့ | ၄၄ |
| ၃။ ဟုန်မလင်းမှ ဆင်ကလိန်းခန္တီးသို့ | ၅၁ |
| ၄။ ဆင်ကလိန်းခန္တီး | ၅၆ |
| ၅။ နာဂတောင်တန်းခရီး၏အစ | ၆၀ |
| ၆။ ပန်းပုံစံများပြုလုပ်ခြင်း | ၈၄ |
| ၇။ အာရီကြိန်သို့ | ၉၁ |
| ၈။ မခွာရီ | ၁၀၇ |
| ၉။ မြစ်ချောင်းများသို့ | ၁၀၆ |
| ၁၀။လပ်တိုင်းရွာသို့ | ၁၄၂ |
| ၁၁။လေရှီရွာ | ၁၄၉) |
| ၁၂။လန်လှိုင်လ | ၁၅၆ |
| ၁၃။ထမံသီးမှ မုံရွာ၊ မန္တလေး၊ ရန်ကုန်သို့ | ၁၇၀ |
| ကျမ်းကိုးစာရင်း | ၁၇၈ |
| စာရာမေတိခရီးသည်၏ လမ်းညွှန်မြေပုံ | |




## အမှာစာ

အမေရိကန်နိုင်ငံ နယူးဟေဗင်မြို့ (New Haven) ယေးတက္ကသိုလ် (Yale University) ပေဗိုဒီပြတိုက် Peabody Museum မှ မစ္စတာအိုလီဗာမီလတန် (Mr.Oliver Milton) နှင့်ဒေါက်တာ အာဒီအက်စတီး (Dr.R.D.Estes) တို့သည် သားငှက်နှင့် တောရိုင်းတိရစ္ဆာန်များ ပျောက်ကွယ်မသွားစေရန် ထိန်းသိမ်းရေးအတွက်လေ့လာရှာဖွေစူးစမ်းရန် ၁၉၅၈ ခုနှစ်တွင် မြန်မာနိုင်ငံသို့ ရောက်ရှိလာကြပါသည်။

မြန်မာနိုင်ငံ အစိုးရ၏ခွင့်ပြုချက်အရ ၁၉၅၈ ခုနှစ်မှ၁၉၆၀ပြည့်နှစ်အတွင်း တချင်ပြည်နယ်မြောက်ပိုင်း ရေခဲတောင်ဒေသများ၊ ပီဒေါင်အမဲတောမဲ့တော၊ ရှမ်းပြည်နယ်အတွင်းရှိ ရွှေဥဒေါင်းတောမဲ့တော၊ တနင်္သာရီတိုင်းရှိ ကလိန်အောင်သစ်တောကြိုးဝိုင်း၊ ငှက်သိုက်ကျွန်းများနှင့်စစ်ကိုင်းတိုင်းနာဂတောင်တန်းရှိ စာရာမေတိတောင်ထိပ်သို့တတ်ရောက်ပြီး မြန်မာနိုင်ငံ၌ တိမ်မြုပ်ပျောက်ကွယ်လုနီးပါးဖြစ်နေသော တောတိရစ္ဆာန်များကို ရှာဖွေစူးစမ်းသုတေသနပြုလုပ်သွားကြပါသည်။

ပျောက်ကွယ်လုနီးပါးဖြစ်နေသော တိရစ္ဆာန်များ၊ အထူးသဖြင့် ကြံ့သတ္တဝါများ၏ သဘာဝနေထိုင်မှုနှင့်နေထိုင်ရာဒေသများအကြောင်း အစီရင်ခံစာများနှင့်အတူ လက်ရှိတောမဲ့ကြိုးဝိုင်းများပိုမိုကောင်းမွန်စေရေး၊ လက်ရှိတောရိုင်းတိရစ္ဆာန်များထိန်းသိမ်းရေးနှင့်အမျိုးသားရိပ်သာတောများ၊ တိုးချဲ့ရေးအတွက် စီမံကိန်းတစ်ခုရေးဆွဲတင်ပြသွားကြပါသည်။

ယင်းအဖွဲ့နှင့်အတူ ကျွန်တော်သည်"စာရာမေတိ"တောင်သို့လိုက်ပါသွားရစဉ်က တောရိုင်းတိရစ္ဆာန်များ၏သဘာဝနေထိုင်မှုနှင့်ရှုတွေ့ဗေဒသုတေသနပြုလုပ်ခြင်းများ အကြောင်းကိုမှတည်၍ဤ"စာရာမေတိ"ခရီးသည်စာအုပ်ကို ရေးသားပြုစုပါသည်။

ဤစာအုပ်ကိုဖတ်ရှုရသောကြောင့် ပျောက်ကွယ်လုနီးပါးဖြစ်နေသော အမိုးတန်တောရိုင်းတိရစ္ဆာန်များကိုကျယ်ကျယ်ပြန့်ပြန့်ထိန်းသိမ်းသွားကြမည်ဆိုလျှင် စာအုပ်ကိုပြုစုရကျိုးနပ်ပြီဟု ယူဆပါသည်။

ချစ်ကိုကို